မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 29 Humark Post Office Bangkok 10243 Thailand Tel : (66) (02) 391 0759 Fax : (66) (02) 382 2153 E-mail : blcsan@ksc.th.com

# ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၄) သတင်းထုတ်ပြန်ချက်

စက်တင်ဘာလ (၇) ရက်၊ ၂၀၀၄ ခုနှစ်

မြန်မာနိုင်ငံရှေ့နေများကောင်စီ မှ ကမကထ ပြုလျှက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၄) ကို ထိုင်းမြန်မာနယ်စပ်တနေရာတွင် စက်တင်ဘာလ (၄) ရက်နေ့က ကျင်းပခဲ့ပြီး အောက်ပါ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

| | |
|---|---|
| နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အဖွဲ့မှ | (၃)ဦး၊ |
| ကျောင်းသား လူငယ်များ ကွန်ဂရက် မှ | (၂) ဦး၊ |
| အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လွတ်မြောက်နယ်မြေ (လူငယ်) မှ | (၃) ဦး၊ |
| သတင်းမီဒီယာ စောင့်ကြည့်လေ့လာရေး အဖွဲ့ မှ | (၆) ဦး၊ |
| အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ဂရက်မှ | (၈) ဦး၊ |
| မြန်မာနိုင်ငံရှေ့နေများကောင်စီ မှ | (၁၀) ဦး၊ |
| စုစုပေါင်း | (၃၃) ဦး |

သဘာပတိအဖြစ် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒူးဝါးဇော်အောင် က ဆောင်ရွက်ခဲ့ သည်။

နိုင်ငံရေး အကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့မှ ဦးသက်ထွန်းက လူ့အခွင့်အရေးကိုချိုးဖေါက်ပြဌာန်းထားသော ဥပဒေများကို အသုံးပြု၍ နအဖစစ်အစိုးရက ၄င်းအပါအဝင် နိုင်ငံရေး အကျဉ်းသားများ အပေါ် မတရားဖမ်းဆီးနှိပ်စက်ခံခဲ့ရသည့် အတွေ့အကြုံများကို ပြန်ပြောင်း ရှင်းပြကါ ယင်းသို့သံသယဖြင့် ဖမ်းဆီး ချုပ်နှောင်မှုများ၊ ဖမ်းဆီးခံရပြီးနောက် ထောင်တွင်း၌ ဆက်လက်၍ မတရား နှိပ်စက်ခံရမှုများ ရပ်ဆိုင်းသွားရေးအတွက် အနာဂါတ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ တွင် လူတဦးခြင်းစီ ၏ အခြေခံလွတ်လပ်မှု များကို ကာကွယ်ပြဌာန်းပေးမည့် ပြဌာန်းချက်များ ပါရှိစေလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းပြည်အတွင်းရှိ အခြားဥပဒေများအားလုံးကို အုပ်ချုပ်သူအစိုးရများအပါအဝင် အာဏာပိုင်အားလုံးလည်းလိုက်နာစေလိုကြောင်း၊ ဥပဒေသည်အုပ်ချုပ်ခံရသည့်ပြည်သူများအတွက်သာဖြစ်နေမည်ဆိုလျှင် မိမိတို့တိုင်းပြည်သည် မည်သည့်အခါတွင်မျှ လူမွေးလူတောင်ပြောင်မည် မဟုတ်ကြောင်းဖြင့် အကြံပြုဆွေးနွေးသွားခဲ့သည်။

နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အဖွဲ့မှပင် ဦးချိုဆိမ့် က လည်း မြန်မာနိုင်ငံ တွင် အဓိက ရင်ဆိုင်နေရသည့် ပြသနာမှာ တရားစီရင်ရေး ပိုင်း နှင့် အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ အာဏာပိုင် များ နှစ်ပိုင်းလုံး ပူးပေါင်း၍ လူထု ကို ဖိနှိပ်နေခြင်း ဖြစ်ကြောင်း၊ လွတ်လပ်သော တရားစီရင်ရေးပေါ်ထွန်း လာရေး အတွက် နောင် အနာဂါတ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းစဉ်းစား ပေးစေလိုကြောင်း၊ တရားစီရင်ရေး ပိုင်း နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအာဏာပိုင် များပူးပေါင်းကာ လူထုကို မနှိပ်စက် နိုင်ရေး အတွက် ၄င်းတို့၏ အထက်တွင် ကြီးကြပ် စစ်

ဆေးပိုင်ခွင့် အာဏာ ရှိမည့် နိုင်ငံ ဥသျှောင် ကဲ့သို့သော အဖွဲ့အစည်းမျိုး ဖွဲ့စည်းစေပြီး အခြေခံဥပဒေ နှင့် အညီ လုပ်ပိုင်ခွင့်အာဏာများ ပေးအပ်ထားမည် ဆိုလျှင် သင့်တော်မည် ဟု ယူဆကြောင်းဖြင့် အကြံပြု ဆွေးနွေးသွားခဲ့ သည်။

ကျောင်းသား လူငယ်များ ကွန်ဂရက်မှ ကိုထွန်းထွန်းက ဒီမိုကရေစီ ဟူသည်မှာ အများစု ဆန္ဒအရ အုပ်ချုပ်ခြင်း ဟူသော အချက်တခုတည်း နှင့် ထားလို့မရတော့ကြောင်း၊ အခြေခံဥပဒေ သည် လူတဦး ခြင်းစီ၏ အခြေခံလွတ်လပ်မှု အခွင့်အရေး များကိုသာမက တိုင်းရင်းသား လူနည်းစု လူမျိုးများ၏ အခြေခံ အခွင့်အရေးများကို လည်း ထည့်သွင်းပြဋ္ဌာန်းပေးရန် လိုမည်ဖြစ်ကြောင်း၊ ယင်းအတွက် အဓိကကျသော ပြည်သူများ၏ သဘောဆန္ဒကိုလည်း ရယူပြီးမှ အခြေခံဥပဒေကို ရေးဆွဲစေလိုကြောင်း၊ အခြေခံဥပဒေတည်ရှိလာပြီးလျှင်လည်း အခြေခံဥပဒေကို ကျော်လွန်၍ အခြားဥပဒေများ ထုတ်သည့် လုပ်ရပ်များ ဆက်လက်မရှိစေလိုတော့ကြောင်းဖြင့် ထောက်ပြဆွေးနွေးသွားခဲ့သည်။

အမျိုးသား တိုးတက်ဖွံ့ဖြိုးရေး ကွန်ဂရက်မှ စေါကျော်အဲတေးကလွတ်လပ်တရားမျှတသော ရွေးကောက်ပွဲများ သည် အနာဂါတ် ပြည်ထောင်စုကြီး အတွက် အထူးအရေးကြီးကြောင်း၊ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်စေရန် ရွေးကောက်ပွဲ ၌ ပါဝင် ယှဥ်ပြိုင်သော နိုင်ငံရေးပါတီများ တန်းတူညီမျှ အခွင့်အလန်းများ ရရန် လိုအပ်ကြောင်း၊ ပါတီစုံ စနစ်ကို ကျင့်သုံးသည့် အချိန်တွင် အားကောင်းသော နိုင်ငံရေးပါတီများ ပေါ်ထွန်းတည်ရှိလာရန် အရေးကြီးကြောင်း၊ ယင်းအတွက် မည်ကဲ့သို့သော ရွေးကောက်ပွဲစနစ်များ ကျင့်သုံးသင့်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းရန် လိုအပ်ကြောင်း ဖြင့် အကြံပြုဆွေးနွေးသွားခဲ့သည်။ ဆွေးနွေးပွဲ တက်ရောက်သူ တဦးက မြန်မာနိုင်ငံတွင် ၁၉၉၀ မေလ ရွေးကောက်ပွဲ ကျင်းပပြီးစီးခဲ့သော်လည်း ယခု တဆယ့်လေးနှစ်မျှ ကြာခဲ့သည်အထိ အာဏာ လွှဲပေးခဲ့ ခြင်းမျိုးမရှိသဖြင့် ယင်းဖြစ်ရပ်မျိုးကို နောင်တွင် ရှောင်ရှားနိုင်ရန် ရွေးကောက်ပွဲ ကျင်းပပြီးနောက် ရက်ပေါင်းကိုးဆယ် စသဖြင့် ကာလအပိုင်းအခြားတခု သတ်မှတ်ကါ အာဏာလွှဲပေးရမည် ဟူသော ပြဋ္ဌာန်းချက်မျိုးကို ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်း မည်ဆိုလျှင် တိုင်းပြည်အတွက် အကျိုးရှိမည်ဖြစ်ကြောင်းဖြင့် အကြံပြုသွားခဲ့သည်။

အမျိုးသား တိုးတက်ဖွံ့ဖြိုးရေး ကွန်ဂရက်မှ နော်မီးမီးက တိုင်းပြည်တိုင်းတွင် အချုပ်အခြာအာဏာသည် အရေးကြီး ကြောင်း၊ သို့ရာတွင် အချုပ်အခြာအာဏာသည် မည်သူ့ထံမှ ဆင်းသက်လာ၍ မည်သို့ကျင့် သုံးမည် ဟူသည်မှာ ပို၍ အရေးကြီးကြောင်း၊ အချုပ်အခြာအာဏာသည် လူထုထံမှ ဆင်းသက်လာ၍ လွတ်လပ်သော ရွေးကောက်ပွဲများ တွင် စနစ်တကျရွေးချယ်တင်မြှောက်ခြင်းခံရသည့် လူထုကိုယ်စားလှယ်များက ကျင့်သုံးခြင်း (Popular Sovereignty) ကို ဖွဲ့စည်းပုံအခြေခံဥပဒေကအာမခံရမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ မြန်မာနိုင်ငံတွင် အချုပ်အခြာ အာဏာသုံးရပ် စလုံးကို နအဖ တဦးတည်းကသာ ထင်သလို ချုပ်ကိုင် ချယ်လှယ် သုံးစွဲနေကြောင်း၊ အနာဂါတ် ပြည်ထောင်စု နိုင်ငံ တွင် အချုပ်အခြာအာဏာကို ခွဲခြားကျင့်သုံးရန် နှင့် ခွဲဝေကျင့်သုံးရန် လိုအပ်သလို ပြည်သူလူထု၏ ကိုယ်စားလှယ် များကသာ ကျင့်သုံးရန်လည်း အရေးကြီးကြောင်း၊ ယင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းသင့် ပါကြောင်းဖြင့် ထောက်ပြဆွေးနွေးသွားခဲ့သည်။

မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ၏ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးမှ ဆွေးနွေးမှု အားလုံးအပေါ်ခြုံငုံသုံးသပ် သွားခဲ့ပြီး သဘာပတိ ဒူးဝါးဇော်အောင် က နိဂုံးချုပ် မိန့်ခွန်း ပြောကြားကာ ဆွေးနွေးပွဲ ကို အဆုံးသတ်ခဲ့သည်။

မြန်မာနိုင်ငံ၏အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်လာရေး လုပ်ငန်းစဉ်တွင် အခြေခံတိုင်းရင်းသား ပြည်သူများ ၏သဘောထားဆန္ဒများကို ထင်ဟပ်နိုင်ရေး၊ ၎င်း တို့တင်ပြဆွေးနွေးခွင့်၊ အကြံပြုခွင့်များ ရရှိရေး အတွက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ မှ တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်လျှက် ရှိပါသည်။ စိတ်ဝင်စားသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ သတင်းဌာနများ၊ ခေါင်းဆောင်များ၊ အစိုးရများ အနေဖြင့် ပူးပေါင်းဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်